# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# ၁၄ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၅-၁၀-၂၀၁၃] (သောကြာနေ့)(၁၁၃၀)နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ် (ကိုယ်စား) ဦးခင်မောင်ညွှန့်၊ သပိတ်ကျင်း မဲဆန္ဒနယ်၏ **မြို့နယ်များတွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး မြို့နယ်ရုံးခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **မောင်းခမ်းစံပြကျေးရွာ အထက်တန်း ကျောင်းအား ၂၀၁၃-၂၀၁၄ စာသင်နှစ်တွင် စာစစ်ဌာနအဖြစ် တိုးချဲ့ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်၊ မြို့မ အ.ထ.က(ခွဲ)အတွက် ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးမောင်မောင်စိုး၊ သာကေတ မဲဆန္ဒနယ်၏ **သာကေတမြို့နယ် ပြည်သူ့ဆေးရုံတွင် ကူးစက်လူနာနှင့် သာမန်လူနာများအတွက် ဆေးရုံသီးခြား ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ (သို့) သင့်တော်သော နေရာသို့ ပြောင်းရွှေ့ပေးနိုင်ခြင်းရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးဖုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **ကျေးလက်ကျန်းမာရေး ကွာဟနေမှု အတွက် အနီးကပ်ကြပ်မတ်ဆောင်ရွက်ပေးမည့် မြို့နယ်၊ မြို့နယ်ခွဲနှင့် တိုက်နယ်ဆေးရုံအချို့တို့တွင် မြို့ပြတစ်ခုနှင့် တစ်ခု ကွာဟနေမှုကို မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိလိုသည်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးဉာဏ်ဆွေဝင်း၊ ကျောက်ကြီး မဲဆန္ဒနယ်၏ **တန်ဖိုးရှိ၍ အစွမ်းထက်သော ဆေးဘက်ဝင်အပင်များကို စိုက်ပျိုးထုတ်လုပ်သွားရန် နှင့် မြန်မာ့တိုင်းရင်းဆေးများကို ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရေး အားပေးဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ် က တင်သွင်းသော **"၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေ ကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၅ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။